ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

အမိန့်အမှတ် ၂၂ /၂၀၂၀

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၅၇ အရ မိတ္တူကူးခနှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) မူရင်း စာတစ်မျက်နှာလျှင် တစ်ရာ ကျပ်နှုန်း ကောက်ခံ၍ စာတစ်မျက်နှာ၏ အစိတ်အပိုင်းကို စာတစ်မျက်နှာနှုန်း ကောက်ခံရန်၊

(ခ) အထူးနှုန်းဖြင့် ကောက်ခံထိုက်သော မြေပုံ၊ အဆောက်အအုံပုံနှင့် အခြား စာရွက်စာတမ်းများဖြစ်လျှင် မိတ္တူကူးခကို အရွယ်အစားနှင့် လုပ်အားစိုက်ထုတ်ရမှုတို့အပေါ် အခြေပြု၍ မှတ်ပုံတင်အရာရှိက သတ်မှတ်သည့်အတိုင်း ကောက်ခံရန်၊

(ဂ) အလျင်အမြန် မိတ္တူကူးပေးရန်ဖြစ်လျှင် သာမန်ကျသင့်သော မိတ္တူကူးခ၏ ငါးဆ ကောက်ခံရန်။

၂။ မိတ္တူကို ရေးကူးပြီးဖြစ်လျှင် ရေးကူးရန် ပေးသွင်းပြီးသော မိတ္တူကူးခငွေကို မိတ္တူလျှောက်ထားသူက ပြန်လည်တောင်းဆိုခွင့်မရှိပါ။

၃။ ဤအမိန့်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၊ ၃ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

( ဝင်းတင် )

ဥက္ကဋ္ဌ

အခွန်အယူခံခုံအဖွဲ့

စာအမှတ်၊ အခယ (ဖွဲ့)/ ၃/ ၀၃ ( ၁၀၇ /၂၀၂၀)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ အခွန်အယူခံခုံအဖွဲ့ရုံး

မှတ်ပုံတင်အရာရှိ၊ အခွန်အယူခံခုံအဖွဲ့ရုံး

ကြော်ငြာသင်ပုန်း

မိတ္တူကို

- ရုံးလက်ခံ
- မျှောစာတွဲ